# အခြေမခိုင် မလျှပ်နှင့် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု

## ဖြစ်ရပ်အချက်အလက်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs) ရဲ့ ခေါင်းဆောင်တွေကို သူကိုယ်တိုင် တွေ့ဆုံဆွေးနွေးလိုကြောင်း စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်မှာ ပြောခဲ့ပါတယ်။ နောက်ဆုံးထားအကြောင်းပြန်ဖို့ မူလက သတ်မှတ်ထားတဲ့ မေ ၉ ရက် အထိ သိရတဲ့အချက်အလက်တွေအရ EAOs ၂၁ ဖွဲ့ရှိတဲ့ အထဲမှာ ၁၀ ဖွဲ့က တွေ့ဆုံဖို့ အကြောင်းပြန်ခဲ့ပါတယ်။

## ကနဦးသုံးသပ်ချက်

စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခနဲ့ စစ်ပွဲတွေအများဆုံးဖြစ်နေတဲ့ ဒေသတွေက EAOs တွေဖြစ်တဲ့ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO/KIA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)၊ ချင်းအမျိုးသားတပ်ဦး (CNF/CNA) နဲ့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) တို့အပါအဝင် အများစုဟာ စစ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ဆုံဖို့ ငြင်းဆန်ထားပါတယ်။ တွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းလမ်းကို လက်ခံပေမဲ့ ပါဝင်သင့်သူအားလုံး ပါဝင်နိုင်တဲ့ အခင်းအကျင်းဖြစ်မှ ပါဝင်ဆွေးနွေးမယ်လို့ KIA နဲ့ KNU အပါအဝင် KNPP နဲ့ CNF တို့က ထုတ်ပြန်ခဲ့ပါတယ်။

ISPONPOINT

ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

စစ်ကောင်စီဥက္ကဋ္ဌရဲ့ ဖိတ်ခေါ်ချက်အပေါ် တုံ့ပြန်မှုတွေကို ကြည့်ရင် အခြေအနေသုံးရပ်ကို မြင်သာစေပါတယ်။ ပထမအချက်က စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းပြည်အခြေအနေဟာအရင်ကလိုပုံမှန်အခြေအနေ (old normal) မဟုတ်တော့ဘူး၊ ဘက်အသီးသီးက တိုင်းပြည်ကို သူတို့လိုလားတဲ့ အခြေအနေသစ် (new normal) အဖြစ် ဖန်တီးဖို့ ကြိုးစားနေကြပြီး၊ တိတိပပ ပုံပေါ်လာတာတော့ မရှိသေးပါဘူး။ သေချာတာက အာဏာသိမ်းမှု အကျိုးဆက်အဖြစ် တိုင်းပြည်ဟာ နိုင်ငံရေးတည်ငြိမ်မှု အခင်းအကျင်းမျိုးရဖို့ ရေခံမြေခံရှိတဲ့ ပုံမှန်အခြေအနေ မဟုတ်တော့တာ၊ ရှိရင်းစွဲအထိုင်ကိုလွန်သွားပြီ (post-normal) ဆိုတဲ့အပေါ် သိမြင်ချက်က စစ်ကောင်စီဘက်၊ အထူးသဖြင့် စစ်ကောင်စီဥက္ကဋ္ဌ ဆီမှာ ရှိနေပုံမရပါဘူး။

ဒ့ါအပြင် ဆိုရှယ်မီဒီယာရဲ့ဖိအားက ပဋိပက္ခမှာ ပါဝင်ပတ်သက်နေကြသူတွေအပေါ် သက်ရောက်မှု ရှိနေပါတယ်။ ညှိနှိုင်းဆွေးနွေးစေ့စပ်မှုဖြစ်စဉ်တိုင်းမှာ ကနဦးကာလ မရှိမဖြစ် လိုအပ်ချက်တရပ်ဖြစ်တဲ့ လျှို့ဝှက်အပ်တဲ့အချိန်တခုအထိ ခိုင်မာတိကျတဲ့ လျှို့ဝှက်ပြင်ဆင်မှုမျိုးမရှိရင် တခဏအတွင်း အရာအားလုံး ပျက်သွားနိုင်တယ်ဆိုတာ ဒုတိယအချက် ဖြစ်ပါတယ်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် နိုလင်းဟေဇာရဲ့ ကြိုးပမ်းချက်တွေ အရာမထင်ခြင်းမှာလည်း ဒီအချက်ကို တွေ့ရပါတယ်။ တတိယတချက်က စစ်ကောင်စီဟာ သမ္မတ ဦးသိန်းစိန် လက်ထက်ကလို အားကောင်းတဲ့ ကျောထောက်နောက်ခံတတ်သိနဲ့ လော်ဘီစုဖွဲ့မှုတွေ ရှိနေပုံမရသလို၊ EAOs ခေါင်းဆောင် တော်တော်များများက ဦးသိန်းစိန်ဟာ 'ရိုးတယ်' ငြိမ်းချမ်းရေးအတွက် အလုပ်အတူတွဲ စမ်းလုပ်ကြည့်လို့ရနိုင်တယ်ဆိုတဲ့ သံသယ အကျိုးခံစားခွင့်ပေးလိုစိတ်ရှိသော ရှုမြင်ပုံ (perception) မျိုးက လက်ရှိစစ်ကောင်စီဥက္ကဋ္ဌအပေါ် ရှိမနေတာကလည်း အရေးပါ ပါတယ်။

ISP-Myanmar က ၂၀၂၁ ခုနှစ် အောက်တိုဘာမှာ ဖော်ပြခဲ့တဲ့ **'NCAခြောက်နှစ်ပြည့်နှင့်မြန်မာ့ငြိမ်းချမ်းရေးဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း'** ရဲ့ အောက်ထစ်ဖြစ်တန်ခြေမှာ ဆိုခဲ့သလိုပဲ စစ်ကောင်စီဟာ လူထုထောက်ခံမှုကင်းမဲ့ခြင်းနဲ့ အာဏာကိုင်စွဲအုပ်ချုပ်ပိုင်ခွင့်မရှိခြင်း အကျပ်အတည်း (legitimacy crisis) ကို ရင်ဆိုင်နေရဆဲ ဖြစ်တဲ့အပြင် ရှိရင်းစွဲ EAOs တွေနဲ့ ဆက်ဆံရေး၊ ယုံကြည်မှုအပိုင်းတွေမှာလည်း အဆိုးရွားဆုံး အနေအထား ဖြစ်နေပါတယ်။ တဖက်မှာလည်း လက်နက်ကိုင် ပဋိပက္ခမြေပုံသစ်က ပိုကျယ်လာပြီး တိုက်ပွဲဖြစ်မှုတွေက ပြင်းထန်နေပါတယ်။ မြန်မာ့လက်နက်ကိုင်ပဋိပက္ခမှာ အသစ်အသစ်သော ဇာတ်ကောင်တွေ ပေါ်လာသလို၊ ရှိရင်းစွဲ EAOs အဖွဲ့တွေရဲ့ ပါဝင်ပတ်သက်မှုနဲ့ လိုလားချက်တွေက အပြောင်းအလဲ ဖြစ်လာပါတယ်။ အထူးသဖြင့် အရင်အစိုးရတွေ စဉ်းစားခဲ့သလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းကို ငြိမ်းချမ်းရေးဖော်ဆောင်မှုနဲ့ တွဲချိတ်မယ်ဆိုတဲ့ စဉ်းစားချက်အဟောင်းက အလုပ်မဖြစ်တော့ဘဲ 'စစ်တပ်နိုင်ငံရေးကနေ ထွက်ခြင်းကသာ အဖြေဖြစ်မယ်' ဆိုတဲ့ ယူဆချက်တွေ ပိုပြီးအားကောင်းမောင်းသန် ဖြစ်လာပါတယ်။

ဒီအချိန်မှာ ပုံမှန်စဉ်းစားချက်မျိုးနဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုက မြေသားအခြေမခိုင်တဲ့ကွင်းပြင်မှာ ဝှဲချီးမဏ္ဍပ်ထိုးပြီး အလှူဖိတ်သလို ခိုင်မာမှုမရှိတာကြောင့် အဆီတထပ် အသားတထပ် မက်

လုံးတွေဟာလည်း သဲတရုပ်ရုပ်ဖြစ်ရုံသာမက မဏ္ဍပ်ပါ ပြိုပျက်လွယ်မယ့် အန္တရာယ်ကို အားလုံးက စိုးထိတ်ကြမှာပါပဲ။ ဒါကြောင့်ပဲ စစ်ကောင်စီဥက္ကဋ္ဌက သူကိုယ်တိုင် တွေ့ဆုံမယ် ဆိုတဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်ဟာ အောင်မြင်နိုင်ခြေ မရှိပါဘူး။

ဒါ့အပြင် ISP-Myanmar ရဲ့ **ကနဦးသုံးချက် အမှတ်-၆ နဲ့ အမှတ်-၈** တို့မှာ အလေးပေး ဖော်ပြခဲ့သလို အခုအခြေအနေမှာ အရေးပါတဲ့ ပလေယာသစ်တွေ ဖြစ်တဲ့ အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေ (PDF/LDF/CDF/KNDF စသဖြင့်) ရဲ့အခန်းကဏ္ဍကို တိတိပပ ထုတ်ဖော်ပြောဆိုတာမျိုး၊ ထည့်သွင်းဆောင်ရွက်တာမျိုး မလုပ်သရွေ့ လူသားချင်းစာနာမှု အကူအညီပေးရေးတွေကစလို့ ပဋိပက္ခ ဖြေရှင်းရေးကိစ္စအထိ ခက်ခဲနေကြဦးမှာ ဖြစ်ပါတယ်။

**၃,၃၁၉+**

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဧပြီလအထိ နိုင်ငံတဝန်းလုံးတွင် တိုက်ပွဲပေါင်း ၃,၃၁၉ ထက်မနည်း ဖြစ်ပွားခဲ့ပါသည်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်နဲ့ ဆက်စပ်ပြီး ဖြစ်တန်ခြေနှစ်ရပ် ရှိနိုင်ပါတယ်။ စစ်ကောင်စီ ကမ်းလှမ်းချက်မှာ အများဆုံးရနိုင်တဲ့ ဖြစ်တန်ခြေက စစ်ရေးသော်လည်းကောင်း၊ နိုင်ငံရေးသော်လည်းကောင်း တဖွဲ့ချင်းစီအလိုက် သဘောတူညီမှု (Bilateral agreement) လောက်ပဲဖြစ်နိုင်ပါတယ်။ ဒါကလည်း လုပ်ငန်းစဉ်အဆင့်လောက်သာ ဖြစ်နိုင်ပြီး၊ သမ္မတ ဦးသိန်းစိန် လက်ထက်က EAOs အများစုပါဝင်ပြီး (Multilateral) တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဖော်ဆောင်နိုင်ခဲ့တဲ့ အဆင့်မျိုး မရနိုင်ပါဘူး။ ဒီလိုမျိုး စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းချက်က သူတို့မျှော်မှန်းသလောက် မပေါက်ရောက်၊ မအောင်မြင်ဘူးဆိုရင် အဆိုးဆုံးဖြစ်တန်ခြေက စစ်တပ်တွင်းမှာ သဘောထားတင်းမာသူတွေ အားကောင်းလာပြီး၊ လက်ရှိထက် ပိုမိုကြီးမားကျယ်ပြန့်တဲ့ စစ်ပွဲတွေ ဖြစ်လာနိုင်ပါတယ်။

## စစ်ကောင်စီဥက္ကဌ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက တုံ့ပြန်မှု

(၂၀၂၂ ခုနှစ်၊ မေ ၁၁ ရက်နေ့ ညနေ ၅ နာရီအချိန်အထိ စာရင်းဖြစ်ပါသည်။)

| စဉ် | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ | တုံ့ပြန်မှု | အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တွေ့ဆုံမှု * | အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် စစ်ရေးအခြေအနေ |
|---|---|---|---|---|
| ၁။ | ABSDF | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲအနည်းငယ်ရှိခဲ့ (ပူးပေါင်းတပ်ဖွဲ့များနှင့်) |
| ၂။ | ANC/AA | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲပြင်းထန်ခဲ့ (ပူးပေါင်းတပ်ဖွဲ့များနှင့်) |
| ၃။ | CNF/CNA | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၄။ | KIO/KIA | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၅။ | KNPP/KA | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၆။ | KNU/KNLA | မတက်ရောက်ပါ | တွေ့ဆုံမှုမရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၇။ | MNTJP/MNDAA | မတက်ရောက်ပါ | တွေ့ဆုံမှုရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၈။ | PSLF/TNLA | မတက်ရောက်ပါ | တွေ့ဆုံမှုရှိ | တိုက်ပွဲအနည်းငယ်ရှိခဲ့ |
| ၉။ | ULA/AA | မတက်ရောက်ပါ | တွေ့ဆုံမှုရှိ | တိုက်ပွဲအနည်းငယ်ရှိခဲ့ |

* အာဏာသိမ်းပြီးနောက်စစ်ကောင်စီနှင့်တွေ့ဆုံမှုရှိသည်ဆိုရာတွင် အလွတ်သဘောတွေ့ဆုံမှုများလည်းပါဝင်ပါသည်။

ရည်ညွှန်း - ညှိနှိုင်းတိုင်ပင်နေဆဲအဖွဲ့များရှိသေးသောကြောင့် ရက်ထပ်တိုးပြီး ထပ်မံစောင့်ဆိုင်းမည်ဟု ၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်နေ့တွင် စစ်ကောင်စီက ပြောကြားခဲ့သည်။ ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## စစ်ကောင်စီဥက္ကဋ္ဌ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက တုံ့ပြန်မှု

(၂၀၂၂ ခုနှစ်၊ မေ ၁၁ ရက်နေ့ ညနေ ၅ နာရီအချိန်အထိ စာရင်းဖြစ်ပါသည်။)

| စဉ် | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ | တုံ့ပြန်မှု | အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တွေ့ဆုံမှု * | အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် စစ်ရေးအခြေအနေ |
|---|---|---|---|---|
| ၁၀။ | ALP/ALA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၁။ | DKBA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၂။ | KNU/KNLA PC | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၃။ | LDU | တက်ရောက်မည် | တွေ့ဆုံမှုမရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၄။ | NMSP/MNLA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၅။ | PNLO/ PNLA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၆။ | PSC/NDAA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |
| ၁၇။ | RCSS/SSA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲအနည်းငယ်ရှိခဲ့ |
| ၁၈။ | SSPP/SSA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲပြင်းထန်ခဲ့ |
| ၁၉။ | UWSP/UWSA | တက်ရောက်မည် | တွေ့ဆုံမှုရှိ | တိုက်ပွဲများမရှိခဲ့ |

* အာဏာသိမ်းပြီးနောက်စစ်ကောင်စီနှင့်တွေ့ဆုံမှုရှိသည်ဆိုရာတွင် အလွတ်သဘောတွေ့ဆုံမှုများလည်းပါဝင်ပါသည်။

ရည်ညွှန်း - ညှိနှိုင်းတိုင်ပင်နေဆဲအဖွဲ့များရှိသေးသောကြောင့် ရက်ထပ်တိုးပြီး ထပ်မံစောင့်ဆိုင်းမည်ဟု ၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်နေ့တွင် စစ်ကောင်စီက ပြောကြားခဲ့သည်။
ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။